# အမျိုးသားနိုင်ငံရေးတွေ့ဆုံပွဲ မုံရွာမြို့၌ကျင်းပ





ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးတွေ့ဆုံရှင်းလင်းပွဲ အခမ်းအနား(၁–၆–၂၀၀၇)နေ့ နံနက်(၀၈း၀၀)နာရီက စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့ ဘုရားကြီးရပ်ကွက် ဆုတောင်းပြည့်ဘုရားကြီးဝန်းအတွင်း ဘောဂရုံသိဓမ္မာရုံ၌ ကျင်းပရာ အမျိုးသားနိုင်ငံရေး အင်အားစု ခေါင်းဆောင်များ တက်ရောက်ရှင်းလင်းကြသည်။

ဦးစွာအခမ်းအနားမှူး ဦးသန်းဦးမှ အခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာပြီး အထက်မြန်မာပြည်တာဝန်ခံ ဦးလှမြင့်မှ အခမ်းအနား ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက်အစီအစဉ်အရ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဦးလမှိုင်း၊ အမျိုးသား နိုင်ငံရေးလူငယ် NLD မှ ကိုဝင်းဇော်၊ မန္တလေးတိုင်းနုတ်ထွက် NLD များကိုယ်စားဒေါ်နန်းရွှေကြာ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)မှ  ကိုရဲထွန်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်း၊ နိုင်ငံရေး ဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစုမှ ဦးခင်မောင်ဦး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှု ကျောင်းတော် သားစုမှ ဦးလှမြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အဖွဲ့မှ ဦးတင်ဝင်း၊ ဒီမို NLD (စစ်ကိုင်းတိုင်း)မှ ဦးဘိုမောင်နှင့် အောက်မြန်မာပြည်တာဝန်ခံ ဦးအေးလွင်တို့က အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်၍ အသီးသီးရှင်းလင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် ပြည်တွင်းရှာနယ်များမှ အယ်ဒီတာချုပ်၊ အယ်ဒီတာနှင့် သတင်းထောက် များ၏ မေးမြန်းချက်များကို အမျိုးသားနိုင်ငံရေး အင်အားစု ခေါင်းဆောင်များက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို (၁၂း၅၀)နာရီတွင် ရုပ်သိမ်းလိုက်သည်။ အဆိုပါ အခမ်းအနားသို့ မုံရွာမြို့ဒေသခံ ပြည်သူ(၉၀၀)ဦးခန့် တက်ရောက်ကြောင်း သတင်းရရှိသည်။